သွား



ရင်သွေးငယ် ဖောင်ဒေးရှင်းမှ ပြုစုထုတ်ဝေသည်။

ငှက်


စိတ်ကူး . . . ကေဆိုင်းရော်
သရုပ်ဖော် . . . သိန်းဝင်းအောင်

စီမံချက် ကန့်သတ်နယ်မြေအတွင်းအသုံးပြုရန်။

လူခန္ဓာရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်၊
အရောင်ကဖြူဖြူလေးပြီးတော့ မာတယ်၊
သူမပါရင် အစာဝါးစားလို့မရဘူး။



အဲဒါ "သွား" ပေါ့။



လူတိုင်းမှာ သွားတွေကိုယ်စီရှိကြတယ်။
သွားမရှိရင် အစာဝါးစားလို့ မရဘူး
စကားပြောရင်လည်း သွားမပါရင် မပီတော့ဘူး။




သွားရှိလို့ပဲ လူတွေက အားရပါးရ ရယ်မောရဲကြတယ်။



ဒါပေမယ့် တချို့က အားရပါးရ မရယ်ကြဘူး၊
အဲဒါဘာကြောင့်လို့ထင်လဲ။



သွားတွေကဘာကြောင့် ပုံစံမတူကြတာလဲ။
သွားတစ်မျိုးစီက လုပ်ဆောင်ပုံတစ်မျိုးစီ တာဝန်ယူကြတယ်။
ရှေ့ကသွားလှလှလေးတွေက ကိုက်စားဖို့နဲ့ ကိုက်ဖြတ်ဖို့
အသုံးဝင်တယ်။




က
ကိုက်ကြည့်လိုက်စမ်း

နောက်ကသွားပုတိုတိုလေးတွေကိုတော့ အံသွားလို့ခေါ်တယ်။
သူတို့ကတော့ ကြေညက်အောင်ဝါးဖို့ အသုံးဝင်တယ်။

“ဝါး ဝါး ဝါး
ညှက်ညှက်ကြေအောင်ဝါး



ဒါပေမယ့် တချို့က ငယ်သွားကျိုးချိန် မရောက်ခင်
သွားကိုက်၊ သွားနာဖြစ်ပြီး သွားတွေ နှုတ်ကြရတယ်။





အသက် ၇နှစ် နဲ့ ၁၀နှစ် နှစ်ကြားမှာ ကလေးတိုင်း
ယ်သွားတွေ လဲကြတယ်။ ဒီအရွယ်မှာကျိုးတာက
ယ်သွားလဲပြီး ကြီးသွားပြန်ရမှာမို့ ကိစ္စမရှိဘူး။



ဘယ်သူတွေက သွားမကောင်းကြသလဲ။


နို့ဗူးစို့ရင်းအိပ်တဲ့ ကလေးတွေ၊ အချိုရည်ကို နို့ဗူးနဲ့ သောက်တဲ့ကလေးတွေ၊ သကြားလုံး၊ချော့ကလက်၊ဝေဖာ စတဲ့သွားရည်စာ ကြိုက်တဲ့သူတွေ၊ အာဟာရမရှိတဲ့ အစားအစာ ကြိုက်တဲ့သူတွေနဲ့ သွားတိုက်ပျင်းတဲ့ သူတွေပဲပေါ့။



သွားမှန်မှန်မတိုက်တဲ့အခါ သွားကြားညှပ်နေတဲ့ အစာတွေက အချဉ်ပေါက်လာမယ်။ နောက်တော့ အခေါင်းပေါက် ဖြစ်သွားမယ်။ အဲဒီအခါ သွားဆရာဝန်ဆီကို သွားရတော့မယ်။



ဆရာဝန်ဆီသွားတိုင်း နာမယ်လို့ထင်လား။
တချို့ဆို တစက်ကလေးမှ မနာဘဲပြီးသွားကြတယ်။



ဒါဖြင့်ဘယ်သူတွေက သွားကောင်းကြသလဲ။



အစာစားပြီးတိုင်း ပလုပ်ကျင်းတဲ့သူတွေ၊ မနက် တစ်ကြိမ် ညတစ်ကြိမ် သွားတိုက် တဲ့သူတွေ၊ မာလကာသီး၊ ပန်းသီး၊ ဇီးသီးတို့လို အသီးများများစားတဲ့ လူတွေနဲ့ သွားဆရာဝန်ဆီ ပြလေ့ရှိတဲ့ လူတွေပဲပေါ့။



ကဲဒါဆိုရင် ကျန်းမာတဲ့သွား လှလှလေးတွေဖြစ်အောင်
ကိုယ်စားချင်တာစားပြီးရင် ဘာလုပ်ရမယ် ဆိုတာ
သိပြီနော်။

